**သမတအိမ်တော်၊ ရန်ကုန်မြို့**

**၁၉၅၇ ခုနှစ်၊ ရေနံခါတ်ပင်ရင်းအခြေအမြစ်များ(တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေ။**

**[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၅။]**

**၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်။**

**(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။)**

[ ပြင်ဆင် : 10.07.1969 ]

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို **၁၉၅၇ ခုနှစ်၊ ရေနံခါတ်ပင်ရင်းအခြေအမြစ်များ(တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်း သတ်မှတ်မှု) အက်ဥပဒေ** ဟုခေါ်ရမည်။

၂။ ။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့် ကျင်လျှင်-

(က) "ရေနံခါတ်လုပ်ကိုင်ခွင့်" ဆိုသည့်စကားရပ်တွင်၊ ဤအက်ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း ထုတ်ပေးသည့် ရေနံစူးစမ်းခွင့်လိုင်စင်သော်၎င်း၊ ရေနံခါတ်ရှာဖွေခွင့် လိုင်စင်သော်၎င်း၊ ရေနံခါတ်တူး ဖော်ခွင့်အငှါးပတ္တာသော်၎င်း ပါဝင်သည်။

(ခ) "ရေနံခါတ်လုပ်ကိုင်ခွင့်ရသူ" ဆိုသည်မှာ၊ ဤအက်ဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း၊ ရေနံခါတ် လုပ်ကိုင်ခွင့်ရသူ၊ သို့တည်းမဟုတ် ရေနံခါတ်လုပ်ကိုင်ခွင့်ကို တဆင့် ဆက်ခံရရှိသူကိုဆိုလိုသည်။

(ဂ) "ပြည်ပိုင်ပင်လယ်အလွန် မြေထုနှင့်တဆက်ထည်း ရေအောက်မြေပြင်" ဆိုသည်မှာ ပင်လယ် ကမ်းခြေ နှင့်ဆက်စပ်လျက်ရှိသော်လည်း၊ ပြည်ပိုင်ပင်လယ်ပြင်ပကျသည့် ပင်လယ်အောက်မြေပြင်၊ အလံပေါင်းတရာခန့်နှင့်ညီမျှသည့်မီတာနှစ်ရာနက်ရေထုအတွင်း၊ သို့တည်းမဟုတ် မီတာနှစ်ရာထက်ပို ၍ နက်သည့် ရေထုအတွင်းရှိရေအောက် သဘာဝပင်ရင်းအခြေအမြစ်များကိုအကျိုးဖြစ်ထွန်းအောင်ပြု လုပ်ထုတ်ယူနိုင်ရာ ပင်လယ်အောက်မြေခံနှင့် မြေဆီအောက်ခံလွှာကိုဆိုလိုသည်။

(ဃ) "ရေနံခါတ်စူးစမ်းခွင့်လိုင်စင်" ဆိုသည်မှာ၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရေနံခါတ် ထွက်ရန် လက္ခဏာရှိသည်သာမက၊ ရောင်းဝယ်ဖေါက်ကားနိုင်လောက်အောင် အမြောက် အမြားစုဝေးရန် အကြောင်းရှိသည့် ကျောက်ထပ် ကျောက်လွှာအနေအထားကို ဘူမိဗေဒနည်းစံနစ်အား ဖြင့်သော်၎င်း၊ ဘူမိရူပဗေဒနည်းစံနစ်အားဖြင့်သော်၎င်း၊ လိုက်လံရှာဖွေရန် အခွင့်အရေးအပ်နှင်းသည့် လိုင်စင်ကိုဆိုလိုသည်။ အဆိုပါဘူမိဗေဒနည်းစံနစ်၊ သို့တည်းမဟုတ် ဘူမိရူပဗေဒနည်းစံနစ်အရ၊ လိုက် လံရှာဖွေရာ၌၊ မြောင်းတူးခြင်း၊ တွင်းတူးခြင်း၊ ဘူမိဗေဒဇဟုသုတရရှိရန် လွန်တွင်းတူးခြင်းပါဝင်သည်။ သို့သော် လည်း ရေနံခါတ်ရှိ မရှိစမ်းသပ်ရန် လွန်တွင်းတူးခြင်းမပါစေရ။



Myanmar Law Information System (MLIS)

(င) "ရေနံခါတ်တူးဖော်ခွင့် အငှါးပတ္တာ" ဆိုသည်မှာ၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရေနံခါတ်တူးဖော်၊ တူးဖေါက်၊ တူးဆွ၊ စက်လွန်နှင့်တူးဖေါက်၊ လိုက်လံရှာဖွေ၊ ရယူ၊ လုပ်ကိုင်၊ ထုတ်ယူပြီးလျှင်၊ အဆိုပါရေနံခါတ်ကိုသော်၎င်း၊ ရေနံခါတ်မှချွတ်ပြီးပစ္စည်းများကို သော်၎င်း၊ သယ်ယူ နိုင်ခွင့် အပ်နှင်းသည့်အငှါးပတ္တာကိုဆိုလိုသည်။

(စ) "ရေနံခါတ်" ဆိုသည်မှာ၊ ကျောက်ထပ်ကျောက်လွှာတွင် သဘာဝအခြေအနေအလျောက်ရှိသည့် တွင်းထွက်ဆီ၊ ရေနံခါတ်ငွေ့မှစ၍ မျိုးတူဖြစ်ရာ ဟိုင်ဒရိုကာဘွန်ခါတ်ပေါင်းပါဝင်သည်။ သို့သော်လည်း တွင်းထွက် ကျောက်မီးသွေး "ဖွတ်ချေးဆီကျောက်" ခေါ် ဆီထွက်သည့် အလွှာ အလွှာရှိ ရွှံ့ကျောက်၊ သို့တည်းမဟုတ် တွင်းထွက် ဆီထုတ်ယူနိုင်သည့် အခြားအထပ်အထပ်ရှိ ကျောက်အခဲအနှစ်မပါစေရ။

(ဆ) "နိုင်ငံတော်သမတ" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏သမတကိုဆိုလိုသည်။

(ဇ) "ရေနံခါတ်ရှာဖွေခွင့်လိုင်စင်" ဆိုသည်မှာ၊ ဤအက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရောင်းဝယ်ဖေါက် ကားနိုင်လောက်အောင် ရေနံခါတ်အမြောက်အမြားစုဝေးရန် အကြောင်းရှိသည့် ကျောက်ထပ်ကျောက်လွှာ အနေ အထားရှိ မရှိသိသာရန်လိုအပ်သည့် လုပ်ကိုင်ဆောင်ရွက်မှုပြုနိုင်ရန် အပ်နှင်းသည့် လိုင်စင်ကို ဆိုလို သည်။ ဘူမိဗေဒနည်းစံနစ်အားဖြင့်သော်၎င်း၊ ဘူမိရူပဗေဒနည်း စံနစ်အားဖြင့်သော်၎င်း၊ စီစစ်စုံစမ်းမှု၊ ကျောက်ထပ်ကျောက်လွှာအနေအထား၏ ပုံသဏ္ဌာန်ကိုသိရှိနိုင်ရန် အစမ်းအဖြစ်လွန်တွင်းတူးမှုနှင့် တွေ့ရှိသည့် ဆီထွက်ရန်လက္ခဏာရှိသော ကျောက်ထပ်ကျောက်လွှာ မှာ မည်ရွေ့မည်မျှ ကျယ်ဝန်းသည်ကို သိရှိရလေအောင် လိုအပ်သရွေ့ လွန်တွင်းများ တူးဖေါက်မှုများ လည်းပါဝင်သည်။

(ဈ) "ပြည်ထောင်စု" ဆိုသည်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကိုဆိုလိုသည်။

၃။ ။ ပြည်ထောင်စုအတွင်း အောက်ပါမည်သည့် အရပ်ဒေသတွင် မဆိုရှိသော သဘာဝအတိုင်းရှိသည့် ရေနံခါတ်ပင်ရင်းအခြေအမြစ်များမှာ ပြည်ထောင်စုပိုင်ပစ္စည်းဖြစ်သည်ဟု မှတ်ယူရမည်။

(က) မြေပေါ်၊ မြေတွင်း၊ သို့တည်းမဟုတ် မြေအောက်။

(ခ) ရေအောက်။

(ဂ) ပြည်ထောင်စုဆိုင်ရာပြည်ပိုင်ပင်လယ်တွင်းရှိ မြုပ်နေသည့်မြေ။

(ဃ) ပြည်ပိုင်ပင်လယ်အလွန်မြေထုနှင့်တဆက်ထည်းရေအောက်မြေပြင်။

(င) ပြည်ထောင်စုပိုင် ကျွန်းနှင့်တဆက်ထည်းရေအောက်မြေပြင်။

**ခြွင်းချက်။** ။ သို့ရာတွင် ဤပုဒ်မသည် ရေနံခါတ်နှင့်စပ်ဆိုင်သော တည်ဆဲအပိုင်ပတ္တာတခုခုအရအပ်နှင်း ထားသည့် အခွင့်အရေးများကို မထိခိုက်စေရ။

၄။ ။ (၁) ဤအက်ဥပဒေအရထုတ်ပေးသည့် ရေနံခါတ်လုပ်ကိုင်ခွင့်အရနှင့်၎င်းရေနံခါတ်လုပ်ကိုင်ခွင့်ပါ စည်းကမ်းချက်နှင့်အညီမှတပါး မည်သူမျှရေနံခါတ် စူးစမ်းခြင်း၊ ရှာဖွေခြင်း၊ သို့တည်းမဟုတ် အကျိုးဖွံ့ ဖြိုးအောင်ပြုလုပ်ထုတ်ယူခြင်းမပြုစေရ။

Myanmar Law Information System (MLIS)

**ရှင်းလင်းချက်**။ ။ ဤပုဒ်မပါ ကိစ္စအလို့ငှါ အခြားတည်ဆဲ တရားဥပဒေအရ ထုတ်ပေးထားသည့် အတည်ဖြစ်လျက်ရှိသောရေနံမြေတ်လုပ်ကိုင်ခွင့်မှာ ဤအက်ဥပဒေအရ ထုတ်ပေးသည့်လုပ်ကိုင်ခွင့်ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) မည်သူမဆိုပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်ကိုဆန့်ကျင်လျှင်၊ ရာဇဝတ်တရားသူကြီးစစ်ဆေးပြီး ပြစ်မှုထင်ရှားသော် ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်တထောင်ထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ စီရင်ခြင်းခံရမည့်ပြင်၊ ရေနံမြေတ်စူးစမ်းခြင်း၊ ရှာဖွေခြင်း၊ သို့တည်းမဟုတ် အကျိုး ဖွံ့ဖြိုးအောင်ပြု လုပ်ထုတ်ယူခြင်းအတွက် အသုံးပြုသည့် စက်ကိရိယာတန်ဆာပလာ ဝတ္ထုပစ္စည်းနှင့် အဆောက်အဦ များကို ဘဏ္ဍာတော်အဖြစ် သိမ်းယူရန်လည်း စီရင်ခြင်းခံစေရမည်။

၅။ ။ ဤအက်ဥပဒေအရ၊ ရေနံမြေတ်လုပ်ကိုင်ခွင့်ရရှိသူတဦးဦး၏ လုပ်ကိုင်ဆောင်ရွက်မှုများမှာ ရေနံမြေတ်၊ သို့တည်းမဟုတ် အခြားသတ္တုများနှင့်စပ်လျဉ်း၍ အခြားသူတဦးတယောက်၌ အတည်ဖြစ် လျက်ရှိသော အခွင့်အရေးများရှိလျှင်၊ ထိုအခွင့်အရေးများနှင့်မဆန့်ကျင်စေရ။

၆။ ။ ရေနံမြေတ်လုပ်ကိုင်ခွင့်တွင် အတည့်အလင်းအပ်နှင်းထားသည့် အခွင့်အရေးများကို အထောက်အ ထားပြု၍၊ နိုင်ငံတော်သမတမှာ၊ ရေနံမြေတ်လုပ်ကိုင်ခွင့်ရသည့်မြေကို လုပ်ကိုင်ခွင့်ပေးအပ် သည့် ကိစ္စအတွက်မှတပါး၊ အခြားမည်သည့်ကိစ္စအတွက်မဆိုအသုံးပြုရန်၊ သို့တည်းမဟုတ် အသုံးပြုခွင့် ပေးရန် အာဏာရှိစေရမည်။

၆-က။ ။ ပြည်သူ့ရေနံလုပ်ငန်းသည် ရေနံမြေတ်စူးစမ်းမှု(Exploration)၊ သို့မဟုတ် ရှာဖွေမှု (Prospe- cting)၊ သို့မဟုတ် တူးဖော်ထုတ်လုပ်မှု(Mining) ပြုလုပ်ရာ၌ အဆိုပါစူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု သို့မဟုတ် တူးဖော်ထုတ်လုပ်မှုနှင့်သက်ဆိုင်သည့် တရားဥပဒေများပါလိုအပ်ချက်များမှ ကင်းလွတ်စေရမည်။ သို့ရာတွင် ထိုတရားဥပဒေများတွင်ပါရှိသည့် အဆိုပါ စူးစမ်းမှု၊ သို့မဟုတ် ရှာဖွေမှု၊ သို့မဟုတ် တူးဖော်ထုတ်လုပ်မှုဆိုင်ရာ စံနစ်တကျ လုပ်ငန်းဆောင်ရွက်မှု စည်းမျဉ်းသတ်မှတ်ချက်များ၊ ဘေးအန္တရာယ်ကာကွယ်ရေး ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

<ပြင်ဆင် 10.07.1969>

၇။ ။ (၁) နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤအက်ဥပဒေနှင့်သဘောကိုက်ညီ သော နည်းဥပဒေများပြုလုပ်နိုင်သည်။ ထိုနည်းဥပဒေများမှာ တရားဥပဒေကဲ့သို့ အာဏာရှိစေရမည်။

(၂) အထူးသဖြင့်ဆိုသော် အထက်ပါအာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အဆိုပါနည်း ဥပဒေများသည် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ရေနံစူးစမ်းခြင်း၊ ရှာဖွေခြင်း၊ တိုးတက်ဖြစ်ထွန်းအောင်ပြုလုပ်ခြင်း၊ အကျိုးဖွံ့ဖြိုးအောင်ပြုလုပ် ထုတ်ယူခြင်း၊ ထိန်းသိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ရေနံမြေတ်ကိုချွတ်ခြင်း၊ ရေနံလုပ်ကိုင်ခွင့်ထုတ်ပေးခြင်း၊ သို့တည်းမဟုတ် ထိုကိစ္စများနှင့် စပ်ဆိုင်သည့် အကြောင်းအရာတခုခုကို သော်၎င်း၊ ထိုကိစ္စများမှပေါ်ပေါက်လာသည့် အခြားကိစ္စတခုခုကို သော်၎င်း၊ စည်းမျဉ်းသတ်မှတ်ခြင်း။

(ခ) အခွန်အခများနှင့် အခြားကောက်ခံနိုင်သည့် ကြေးငွေများစည်းကြပ်မှု၊ ကောက်ခံမှုနှင့်အရ တောင်း ခံမှုကို စည်းမျဉ်းသတ်မှတ်ခြင်း။

(ဂ) ရေနံဓါတ်လုပ်ကိုင်ခွင့်ရရှိသူများက လိုက်နာရမည့်စည်းကမ်းချက်များနှင့် ရေနံဓါတ်လုပ်ကိုင်ခွင့် များ ကိုပေးရာတွင် လိုက်နာရမည့်နည်းလမ်းများကိုသတ်မှတ်ခြင်း။

(၃) ဤအက်ဥပဒေအရ၊ ပြုလုပ်သည့်နည်းဥပဒေတခုခုကို ကျူးလွန်ဖေါက်ဖျက်သူသည်၊ ထိုကျူးလွန် ဖေါက်ဖျက်ခြင်းကြောင့် ရေနံဓါတ်လုပ်ကိုင်ခွင့် ပေးရာ၌သတ်မှတ်သည့် တာဝန်ကိုခံရမည့်ပြင်၊ ထိုသူအား ရာဇဝတ်တရားသူကြီးစစ်ဆေးပြီးပြစ်မှုထင်ရှားသော်၊ တလထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ စီရင်နိုင်သည်ဟု နိုင်ငံတော်သမတ ကပြုလုပ်သောနည်းဥပဒေများတွင် ပြဋ္ဌာန်းနိုင်သည်။

၈။ ။ နိုင်ငံတော်သမတသည်၊ အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေ အရပြုလုပ်သည့် နည်းဥပဒေအရဖြစ်စေ၊ မိမိသုံးစွဲနိုင်သည့် အာဏာတခုခုကို ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြထားသည့်အရာရှိ၊ သို့တည်းမဟုတ် အာဏာပိုင်တဦးဦးက သီးခြားဖေါ်ပြထားသည့် စည်းကမ်းချက်များနှင့်အညီ ထိုအာဏာကို သုံးစွဲဆောင်ရွက်ရမည်ဟု ညွှန်ကြားနိုင်သည်။

၉။ ။ (၁) ရေနံဓါတ်လုပ်ကိုင်ခွင့်အရပေးအပ်သည့်နယ်မြေတွင်သော်၎င်း၊ စွန့်လွှတ်ထားသောရေနံဓါတ် လုပ်ကိုင်ခွင့်အရပေးအပ်ခဲ့သည့် နယ်မြေတွင်သော်၎င်း၊ လုပ်ကိုင်သည့်လောလောဆယ်အခြေအနေ၊ နောင်အခြေအနေကိုစုံစမ်းရန်ကိစ္စအတွက်၊ သို့တည်းမဟုတ် ဤအက်ဥပဒေတွင်ဖြစ်စေ၊ ဤအက်ဥပဒေ အရပြုလုပ်သည့် နည်းဥပဒေများတွင်ဖြစ်စေ၊ ဖေါ်ပြထားသည့် အခြားကိစ္စအတွက် နိုင်ငံတော်သမတ ကအခွင့်အာဏာအပ်နှင်းထားသောအရာရှိတဦးဦးသည်-

(က) ရေနံဓါတ်လုပ်ကိုင်ခွင့်အရပေးအပ်သည့်နယ်မြေတွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးရန်၊

(ခ) ဆိုခဲ့သောနယ်မြေကို စီမံထိန်းသိမ်းအုပ်ချုပ်သူ၊ သို့တည်းမဟုတ် ၎င်းနယ်မြေတွင် ရေနံဓါတ်လုပ် ငန်းဆောင်တာနှင့် စပ်ဆိုင်သူတဦးတယောက်၏လက်တွင်းရှိ၊ သို့တည်းမဟုတ် ထိုသူစီမံခန့်ခွဲနိုင်သည့် စာတမ်းအမှတ်အသား၊ စာအုပ်၊ မှတ်ပုံတင်စာအုပ်၊ သို့တည်းမဟုတ် ရေးမှတ်ချက်များကို ထုတ်ဖေါ်တင် ပြစေဟု အမိန့်ဆင့်ဆိုရန်၊ သို့တည်းမဟုတ်

(ဂ) ဆိုခဲ့သောနယ်မြေကို ထိန်းသိမ်းအုပ်ချုပ်သူ၊ သို့တည်းမဟုတ် ၎င်းနယ်မြေတွင် ရေနံဓါတ်လုပ်ငန်း ဆောင်တာနှင့် စပ်ဆိုင်သူတဦးတယောက်အား နှုတ်ဖြင့်မေးမြန်းစုံစမ်းစစ်ဆေးရန် အခွင့်အရေးရှိစေ ရမည်။

(၂) နိုင်ငံတော်သမတ က၊ ပုဒ်မခွဲ(၁) အရ၊ အာဏာအပ်နှင်းထားသောအရာရှိ၊ သို့တည်းမဟုတ် အာဏာ ပိုင်တဦးဦးမှာ၊ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အဓိပ္ပါယ်ဖေါ်ပြထားသည့်အတိုင်း၊ ပြည်သူ့ဝန် ထမ်းဖြစ်သည် ဟု မှတ်ယူရမည်။

၁၀။ ။ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေအရဖြစ်စေ၊ ရိုးသားသော သဘောဖြင့် ပြုလုပ်သည့်အတွက်သော်၎င်း၊ ပြုလုပ်ရန်ကြံရွယ်၍ဆောင်ရွက်သည့်အတွက်သော်၎င်း၊ ပြည်သူ့ဝန်ထမ်းတဦးဦးအား ရာဇဝတ်မှုစွဲဆိုခြင်း၊ တရားမမှုစွဲဆိုခြင်း၊ အခြားအမှုအခင်းပြုလုပ်ခြင်းမရှိ စေရ။

Myanmar Law Information System (MLIS)

၁၁။ ။ ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုလုပ်သည့်နည်းဥပဒေအရဖြစ်စေ၊ ပြည်သူ့ ဝန်ထမ်းတဦးဦးက ရိုးသားသောသဘောဖြင့် အရေးယူဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်သည့် မည်သည့်ဆုံးရှုံးနစ်နာမှုအတွက်မျှ နိုင်ငံတော် သမတ၌ တာဝန်မရှိစေရ။

၁၂။ ။ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်၊ ဤအက်ဥပဒေအရပြုလုပ်သည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက် များမှာ၊ အခြားတည်ဆဲတရားဥပဒေ မည်သည်နှင့်မဆိုဆန့်ကျင်ကွဲလွဲရှိသော်ငြားလည်း အတည်ဖြစ်စေရ မည်။ သို့ရာတွင် ဆိုခဲ့သည့်အတိုင်းမှတပါး၊ ဤအက်ဥပဒေပါပြဋ္ဌာန်းချက်များသည် ရေနံဓါတ်နှင့် စပ်ဆိုင်သည့်အခြားတည်ဆဲတရားဥပဒေများပါပြဋ္ဌာန်းချက်များကို ဖြည့်စွက်ခြင်းသာဖြစ်ရမည်၊ ယုတ်လျော့စေခြင်းမဖြစ်စေရ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်။
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၁၁၂]

Myanmar Law Information System (MLIS)